# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၁/၂၀၁၆)

၁။ ၂၀၁၆ခုနှစ်၊ဇန်နဝါရီလအတွင်းရန်ကုန်တိုင်းဒေသကြီး၊ ယုဇနဥယျာဉ်မြို့တော်နှင့် မင်္ဂလာဒုံ ပျဉ်းမပင်စက်မှုဇုန်နယ်မြေအတွင်းမှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးညောင်နီကျေးရွာမှ လည်းကောင်း၊နှစ်ကာလများစွာ ကျူးကျော်နေထိုင်ခဲ့သူများကို အတင်းအဓမ္မဖယ်ရှားခြင်း၊ နှစ်ဦး နှစ်ဖက်ပဋိပက္ခဖြစ်ပွားခြင်းစသည့် သတင်းများကိုမီဒီယာများမှတစ်ဆင့် သိရှိရပါသည်။

၂။ ၎င်းကျူးကျော်သူများကို ဖယ်ရှားရာတွင် တာဝန်ရှိသူအချို့က လတ်တလောသွားလာမှု အဆင်မပြေသူများကို ယာယီနေထိုင်စားသောက်နိုင်ရန်နှင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ပေးမည်ဟု ပြောကြားသော်လည်းလက်တွေ့၌ မည်သည့်ထောက်ပံ့ကူညီမှုကိုမျှမရရှိကြောင်း၊ ၎င်းတို့၏ အစီအစဉ်ဖြင့်ပင် လမ်းကြိုလမ်းကြားများ၌ ဖြစ်သလို ဆက်လက်နေထိုင်ကြသဖြင့် လမ်းဘေးကျူးကျော်သူများအဖြစ်သို့ထပ်မံရောက်ရှိသွားကြောင်း၊ ကျူးကျော်သူများအနက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ၊ ပညာသင်နေဆဲကျောင်းသူ၊ ကျောင်းသားများပါရှိကြောင်း၊ သောက်သုံးရေလုံလောက်စွာမရရှိကြောင်း စသည်တို့ကို ကြားသိ နေရပါသည်။

၃။ ကျူးကျော်နေထိုင်သူများအားမလွှဲမရှောင်သာဖယ်ရှားရမည်ဆိုပါက ညင်သာသိမ်မွေ့စွာ ဆောင်ရွက်ခြင်း၊ ဖယ်ရှားခြင်းမပြုမီအသိပညာပေးဆွေးနွေးခြင်း၊ သတိပေးအမိန့်များ ထုတ်ပြန် ခြင်း၊ ရွှေ့ပြောင်းရေးအတွက် သယ်ယူပို့ဆောင်ရေးများစီစဉ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာအကူအညီများပေးခြင်း၊ ဖယ်ရှားပြီးနောက် ပြန်လည်နေရာချထားပေးခြင်း စသည် တို့ကိုလူသားချင်းစာနာထောက်ထားမှုအခြေခံဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။

၄။ ကျူးကျော်သူများအနေဖြင့်လည်းသက်ဆိုင်ရာမှ ပြန်လည်နေရာချထားပေးပါက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါ သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်